## ကလေးစစ်သားပပျောက်ရေး

# ဝိုင်းဝန်းလုပ်ဆောင်ပေး



| | |
|---|---|
| Author: | Aung Myo Min<br>Director, HREIB |
| Cartoon: | Agga |
| Layout & Design by: | HREIB Team |
| Published By: | Human Rights Education Institute of Burma (HREIB) |
| Address: | HREIB<br>G.P.O Box - 485<br>Chiang Mai , 50000<br>Thailand |
| E-Mail: | hreburma@loxinfo.co.th |
| Webside: | www.hreib.org |
| First Edition: | 3000 Copies December, 2004 |

# ကလေးစစ်သားဆိုတာ ဘယ်သူတွေလဲ . . .

ကလေးစစ်သားဆိုတဲ့အဓိပ္ပာယ်ကို နိုင်ငံတကာအနေနဲ့ မသတ်မှတ်ထားသေးပါဘူး။ ဒါပေမဲ့ တောင်အာဖရိကနိုင်ငံမှာပြုလုပ်ခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲက သတ်မှတ်ထားတဲ့အဓိပ္ပာယ်ကတော့ ...



ကလေးစစ်သားဆိုတာဟာ အမြဲတမ်းနဲ့ အမြဲတမ်းမဟုတ်တဲ့ စစ်တပ်ဖြစ်စေ၊ လက်နက်ကိုင်တပ်ဖြစ်စေ၊ ဘယ်တပ်ဘဲဖြစ်ဖြစ် လက်နက်ကိုင်သည်ဖြစ်စေ၊ မကိုင်သည်ဖြစ်စေ၊ အသက် (၁၈) နှစ်အောက် ယောကျ်ားလေးတွေ၊ မိန်းကလေးတွေကို အစားအစာချက်ပြုတ်ဖို့၊ ပစ္စည်းထမ်းခိုင်းဖို့၊သတင်းပို့ ဆက်သားအဖြစ်စေခိုင်းဖို့အတွက် ဒါမှမဟုတ် မိသားစုဝင်မဟုတ်ဘဲ ဒီတပ်ဖွဲ့တွေနဲ့အတူ လိုက်ပါနေလို့ရှိရင်လည်း ကလေးစစ်သားမြောက်ပါတယ်။ တကယ်လို့ အသက် (၁၈) နှစ်အောက်မိန်းကလေးတွေကို လိင်ဆက်ဆံဖို့ရည်ရွယ်ချက်နဲ့ ဒါမှမဟုတ် အတင်းအကြပ် အိမ်ထောင်ပြုဖို့ စစ်တပ်ထဲဝင်ခိုင်းရင်လည်း ကလေးစစ်သားမြောက်ပါတယ်။





❑ ဒါကြောင့် အစိုးရမှာဖြစ်ဖြစ်၊ အစိုးရမဟုတ်တဲ့တပ်တွေမှာဘဲဖြစ်ဖြစ် အသက် (၁၈) နှစ်အောက်အရွယ် ယောကျ်ားလေး၊ မိန်းကလေးတွေပါဝင်နေရင် ကလေးစစ်သားမြောက်ပါတယ်။

❑ အတင်းအကြပ်ဝင်ခိုင်းတာမျိုးမဟုတ်ဘဲ ကိုယ်ဆန္ဒနဲ့ကိုယ်ဝင်လာရင်လည်း ကလေးစစ်သားမြောက်တာပါဘဲ။

❑ လက်နက်ကိုင်မှ ကလေးစစ်သားမဟုတ်ဘဲ လက်နက်မကိုင်ဘဲ တပ်ဖွဲ့တွေနဲ့အတူ အခြားအလုပ်တွေခိုင်းဖို့ လိုက်ပါနေရရင်လည်း ကလေးစစ်သားမြောက်ပါတယ်။

❑ အသက် (၁၈) နှစ်အောက် မိန်းကလေးတွေကို လိင်ပိုင်းဆိုင်ရာအသုံးချဖို့၊ ဒါမှမဟုတ် အတင်းအကြပ်အိမ်ထောင်ပြုဖို့ စစ်တပ်ထဲဝင်ခိုင်းရင်လည်း ကလေးစစ်သားမြောက်ပါတယ်။

# ကလေးတွေ ဘာကြောင့်
# ကလေးစစ်သားတွေ ဖြစ်လာကြသလဲ...



နအဖတပ်မတော်ထဲမှာ ကလေးစစ်သားပေါင်း ခုနှစ်သောင်းကျော်ရှိတယ်လို့ နိုင်ငံတကာက ခန့်မှန်းထားပါတယ်။ ဒ့ါအပြင် နအဖကိုတော်လှန်နေတဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေမှာလည်း ကလေးစစ်သား ခြောက်ထောင်လောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။



အများစုကတော့ ဆန္ဒမပါဘဲ အတင်းအကြပ်ဝင်ခိုင်းလို့ဖြစ်ပါတယ်။ ကလေးတွေဟာ ဖမ်းဆီးပြီးဝင်ခိုင်းလို့ဖြစ်စေ၊ ခြိမ်းခြောက်အကြပ်ကိုင်လို့ဖြစ်စေ၊ မသိနားမလည်မှုကို အခွင့်ကောင်းယူပြီး သွေးဆောင်ဖျားယောင်းခံရလို့ဖြစ်စေ၊ တအိမ်တယောက်မဝင်မနေရ အမိန့်ထုတ်ခံရလို့ဖြစ်စေ စစ်တပ်ထဲရောက်လာကြတတ်ပါတယ်။

တချို့ကတော့ မိသားစုစီးပွားရေး အဆင်မပြေလို့၊ စာမေးပွဲကျပြီး စိတ်ဓာတ်ကျလို့၊ တချို့ကတော့ စစ်ဝတ်စုံဝတ်ရတာကို သဘောကျလို့ ကိုယ့်သဘောနဲ့ကိုယ် အသက်မပြည့်ဘဲ စစ်တပ်ထဲဝင်လာတာလည်း ရှိပါတယ်။






တချို့ကတော့ ပြည်တွင်းစစ်ကာလထဲ လက်နက်ကိုင်စစ်တပ်တွေက ကိုယ့်မိသားစုအပေါ်၊ ကိုယ့်လူမျိုးတွေအပေါ် ရက်ရက်စက်စက်သတ်ဖြတ်တာကို ကိုယ်တွေ့ရင်ဆိုင်ခဲ့ရပါတယ်။ ဒီလိုလုပ်ခဲ့တဲ့တပ်တွေအပေါ် ပြန်လက်စားချေချင်လို့ ဝင်တာမျိုးလည်းရှိပါတယ်။

တချို့ကတော့ ကိုယ့်လူမျိုးအခွင့်အရေးအတွက် တိုက်နေတဲ့တပ်တွေကိုအားကျပြီး ဝင်ချင်လို့ဝင်လာတာတွေ၊ တချို့ကတော့ စစ်တပ်ထဲဝင်လိုက်ရင် အခွန်အကောက်တွေ ပေးစရာမလိုတော့ဘူးဆိုတဲ့ မက်လုံးနဲ့ဝင်လာတာတွေလည်းရှိပါတယ်။ ဘယ်လိုအကြောင်းကြောင့်ဘဲ ဝင်လာတာဖြစ်ဖြစ် အသက် (၁၈) နှစ်အောက်ကလေးတွေ စစ်တပ်ထဲရောက်နေရင် ကလေးစစ်သား မြောက်ပါတယ်။

# ကလေးစစ်သားတွေကို စစ်တပ်ထဲမှာ ဘယ်လိုမျိုးခိုင်းလေ့ရှိပါသလဲ. . .





ကလေးတွေကို စစ်သင်တန်းတွေတက်ခိုင်းပြီး အရွယ်ရောက်ပြီးတဲ့ တခြားစစ်သားတွေလို ရှေ့တန်းမှာ စစ်တိုက်ခိုင်းပါတယ်။

သူတို့တွေကို ကင်းလှည့်၊ ကင်းစောင့်၊ ရန်သူတပ်တွေကို ထိုးစစ်တိုက်ပွဲတွေမှာ ပါဝင်ခိုင်းလေ့ရှိပါတယ်။





ကလေးစစ်သားတွေကို ရှေ့တန်းတွေမှာဆိုရင် အထက်အရာရှိတွေက စိတ်ဓာတ်မာကျောစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တွေ့သမျှရွာတွေကို မီးရှို့ဖျက်ဆီးခိုင်းတာ၊ ပစ္စည်းတွေကို လုယူခိုင်းတာ၊ လူတွေကိုနှိပ်စက်သတ်ဖြတ်ခိုင်းတာ၊ အမျိုးသမီးတွေကို စော်ကားခိုင်းတာတွေ လုပ်ခိုင်းလေ့ရှိပါတယ်။

တချိန်ထဲမှာဘဲ ကလေးစစ်သားတွေကို စစ်တပ်စခန်းအလုပ်တွေဖြစ်တဲ့ ကင်းစောင့်၊ ရေခပ်၊ ထမင်းချက်၊ သစ်ဝါးခုတ်၊ ဆက်သွယ်ရေးမြောင်းတူး အလုပ်တွေသာမကဘဲ စစ်တပ်အပြင်မှာ ကားလမ်း၊ ရထားလမ်းဖောက်တဲ့ အလုပ်မျိုးတွေ၊ စစ်တပ်ရံပုံငွေ စီမံကိန်းတွေဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အုတ်ဖုတ်လုပ်ငန်းတွေမှာလည်း မညှာမတာ စေခိုင်းတတ်ပါတယ်။



တချို့တပ်တွေမှာဆိုရင် ကလေးတွေကို သတင်းပို့ ဆက်သားတာဝန်မျိုး၊ ရန်သူ့သတင်းစုံစမ်းတဲ့ ထောက်လှမ်းရေးတာဝန်မျိုး၊ ရန်သူတွေလာမဲ့လမ်းမှာ မိုင်းထောင်တဲ့တာဝန်မျိုး၊ တပ်တွေရဲ့ရှေ့မှာ တိုက်ကင်းထွက်ခိုင်းတာမျိုးလို အန္တရာယ်များလှတဲ့အလုပ်တွေကို ရွေးချယ်ခိုင်း လေ့ရှိပါတယ်။

# လက်နက်ကိုင်စစ်ပွဲအတွင်းမှာပါဝင်ရတဲ့
# ကလေးစစ်သားတွေဟာ ဘယ်လိုအကျိုးဆက်တွေနဲ့ ကြုံတွေ့နိုင်ပါသလဲ . . .





ရုပ်ပိုင်းဆိုင်ရာ သက်ရောက်မှုတွေကို ပြောရရင် ကလေးစစ်သားဖြစ်သွားတာနဲ့ အခြားကလေးတွေလို ကျောင်းဆက်တက်လို့ မရတော့တာတွေ၊ ဖွံ့ဖြိုးရမဲ့အရွယ်မှာ အဟာရလုံလုံလောက်လောက်မစားရဘဲ ပင်ပင်ပန်းပန်းအလုပ်လုပ်ရလို့ မကျန်းမမာဖြစ်တာတွေ၊ လုံလုံလောက်လောက် အနားယူအပန်းဖြေခွင့် မရတာတွေ ကြုံတွေ့ရပါတယ်။

စစ်ပွဲတွေမှာ ပါဝင်တိုက်ခိုက်ရတဲ့အတွက် ထိခိုက်ဒဏ်ရာရနိုင်သလို အသက်ဆုံးရှုံးနိုင်တဲ့ အန္တရာယ်လည်း ရှိနိုင်ပါတယ်။ စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးတွေကတော့ မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင် နေလို့မရဘဲ တကွဲတပြားစီရောက်နေတဲ့ အဖြစ်တွေပါပဲ။

အများဆုံးတွေ့ရတာကတော့ လက်နက်ကိုင်စစ်ပွဲအကြားမှာ အကြမ်းဖက်မှုတွေကို ကျူးလွန်တတ်အောင်စေခိုင်းခံရပြီး မှန်ကန်တဲ့သွန်သင်ဆုံးမမှု မရှိတဲ့အတွက် ကလေးစစ်သားတွေဟာ စိတ်ရိုင်းဝင်သွားတတ်ကြပါတယ်။ အခြားသူတွေအပေါ် အကောင်းမမြင်တတ်တဲ့ အဆိုးမြင်သူတွေ ဖြစ်လာတတ်ကြပါတယ်။ အခြားသူတွေကို အနိုင်ကျင့်၊ အကြမ်းဖက်လိုတဲ့သူတွေ၊ ဆိုဆုံးမခက်တဲ့သူတွေ ဖြစ်လာတတ်ကြပါတယ်။





တချို့ကလေးတွေကြတော့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုမရှိတော့ဘဲ မလုပ်ရဲမကိုင်ရဲတော့တာတို့၊ အထီးကျန်လာတာတို့၊ အားငယ်စိတ်ရှိသွားတာတို့ ခံစားရပြီး ဘဝမျှော်လင့်ချက်မဲ့သွားကြပါတယ်။ တချို့ကလေးစစ်သားတွေဆို မူးယစ်ဆေးဝါးသုံးစွဲသူတွေ၊ ကိုယ်ကျင့်တရားပျက်သူတွေ ဖြစ်ကုန်တတ်ပြီး တချို့ဆို သတ်သေတဲ့အထိ ဖြစ်သွားတတ်ပါတယ်။

ဒီလိုဖြစ်ရပ်များဟာ စစ်တပ်မှာသာမကပဲ စစ်တပ်ကထွက်ပြီး အရပ်သားဘဝကို ပြန်ရောက်သွားကြတဲ့ ကလေးတွေမှာလည်း ဖြစ်လေ့ရှိတာကို တွေ့ရပါတယ်။







လက်နက်ကိုင်စစ်ပွဲတွေထဲ ကလေးတွေကို ပါဝင်စေတာဟာ ကလေးတွေအတွက် ကောင်းကျိုးမရှိနိုင်ပါဘူး။ အထက်မှာဖော်ပြထားတဲ့ ဆိုးကျိုးတွေကိုသာ ဖြစ်စေပါတယ်။ အကြမ်းဖက်မှုနဲ့ ရှင်သန်ခဲ့ရတဲ့ကလေးဟာ တိုက်ခိုက်၊ ရန်လုပ်တတ်တဲ့ကလေးတွေ ဖြစ်လာတတ်ပါတယ်။ အနာဂတ်ပိုင်ရှင်တွေဖြစ်တဲ့ ကလေးတွေမှာ အခုလိုမျိုးဘဝတွေကို ရင်ဆိုင်ဖြတ်သန်းလာခဲ့ရပြီး ဆိုးကျိုးတွေ သက်ရောက်နေရင် ကလေးတွေအတွက်ရော၊ အနာဂတ်တခုလုံးအတွက်ပါ ကောင်းနိုင်မှာမဟုတ်ပါဘူး။

နောက်တခုကတော့ အခုလိုမျိုးဘဝတွေနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ ကလေးတွေဟာ အကြမ်းဖက်မှုတွေနဲ့ ယဉ်ပါးနေတတ်ပါတယ်။ အခြားသူတွေကို အကြမ်းဖက်ရင်းနဲ့ အကြမ်းဖက်မှုသံသရာကို ဆက်လက်လည်ပတ်စေနိုင်ပါတယ်။ ကလေးစစ်သားအများဆုံး အသုံးပြုနေတဲ့ နိုင်ငံတွေကို



# အသုံးပြုတာကို ရပ်တန့်သင့်ပါသလဲ . . .







ကြည့်ရင် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေပြီး အကြမ်းဖက်မှုတွေ၊ ဆင်းရဲနိမ့်ကျမှုတွေ ရင်ဆိုင်နေရတဲ့ နိုင်ငံတွေဖြစ်နေတာ တွေ့ရပါတယ်။

ဒါကြောင့် အကြမ်းဖက်မှုနဲ့ ဆင်းရဲနိမ့်ကျမှုတွေကို တားဆီးနိုင်ဖို့အတွက် ကလေးတွေအပေါ် အကြမ်းဖက်မှုဖြစ်တဲ့ ကလေးစစ်သား အသုံးပြုမှုကို ရပ်တန့်ဖို့ လိုတာဖြစ်ပါတယ်။

နောက်ထပ် အချက်တချက်ကတော့ ကလေးတွေကို စစ်သားအဖြစ် အသုံးပြုတာဟာ နိုင်ငံတကာမှာသတ်မှတ်ထားတဲ့ ကလေးအခွင့်အရေး သတ်မှတ်ချက်တွေကို ချိုးဖောက်တာဖြစ်လို့ပါဘဲ။ ကလေးအခွင့်အရေးနဲ့ပတ်သက်ပြီး နိုင်ငံတကာက လေးစားလိုက်နာဖို့ တာဝန်ရှိတဲ့ ကလေးအခွင့်အရေးစာချုပ်ရဲ့ အပိုဒ် (၃၈) မှာဆိုရင် ကလေးစစ်သားတွေ အသုံးမပြုဖို့ တိတိကျကျ ဖော်ပြထားပါတယ်။ ကလေးတွေကို စစ်သားအဖြစ်အသုံးပြုတာဟာ ကလေးတွေရဲ့အကောင်းဆုံးအကျိုးကို ဦးစားပေးရမယ်ဆိုတဲ့ ကလေးအခွင့်အရေးစာချုပ်ရဲ့ မူဝါဒနဲ့ မကိုက်ညီပါဘူး။

# ကလေးစစ်သားအသုံးပြုတာ နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်တွေကို

## ကလေးစစ်သားအသုံးပြုတာဟာ

- ကလေးအခွင့်အရေးဆိုင်ရာစာချုပ်။
- ကလေးအခွင့်အရေးဆိုင်ရာစာချုပ်၏ နောက်ဆက်တွဲစာချုပ်
- အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်အို) ရဲ့ သဘောတူစာချုပ်အမှတ် (၁၈၂)၊
- ဂျီနီဗာသဘောတူစာချုပ် နောက်ဆက်တွဲ (၂)
- နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာတရားရုံး လုပ်ထုံးလုပ်နည်းတွေကို ချိုးဖောက်ရာရောက်ပါတယ်။

ကလေးစစ်သားကိုအသုံးပြုတာဟာ ကလေးအခွင့်အရေးဆိုင်ရာစာချုပ်ရဲ့ အပိုဒ် (၃၈) ကို ချိုးဖောက်ရာရောက်ပါတယ်။ ဒီအပိုဒ်မှာ အသက် (၁၅) နှစ်ကလေးများကို စစ်တပ်ထဲဝင်ရောက်ခွင့်မပြုရလို့ ဆိုထားပါတယ်။ ဒီအသက်ကို ကလေးအခွင့်အရေးဆိုင်ရာစာချုပ်ရဲ့ နောက်ဆက်တွဲစာချုပ်မှာ အသက် (၁၈) နှစ်လို့ တိုးမြှင့်သတ်မှတ်လိုက်ပါတယ်။ ဒီနောက်ဆက်တွဲစာချုပ်မှာဆို အစိုးရတပ်တွေသာမကဘဲ အစိုးရမဟုတ်တဲ့ လက်နက်ကိုင်အဖွဲ့တွေကလည်း အသက် (၁၈) နှစ်အောက်ကလေးတွေကို စစ်ပွဲတွေအကြားမှာ တိုက်ရိုက်မပါဝင်ခိုင်းဖို့ ဆိုထားပါတယ်။



# ချိုးဖောက်ရာရောက်ပါသလား . . .




ကလေးစစ်သား အသုံးပြုတာနဲ့ပတ်သက်တဲ့
နောက်ထပ်နိုင်ငံတကာစာချုပ်တခုကတော့ အပြည်ပြည်ဆိုင်ရာ
အလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်အို) ရဲ့ သဘောတူစာချုပ်
အမှတ် (၁၈၂) ဖြစ်ပြီး လက်နက်ကိုင်စစ်ပွဲအတွင်း
ကလေးတွေကို စစ်မှုထမ်းစေခိုင်းတာဟာ အဆိုးဝါးဆုံးသော
ကလေးလုပ်အားစေခိုင်းမှုပုံစံတခုလို့ ဆိုထားပါတယ်။
နိုင်ငံအစိုးရတွေအနေနဲ့ စစ်ပွဲအတွင်း ကလေးအသုံးပြုမှုကို
အမြန်ဆုံးရပ်တန့်အောင်လုပ်ဆောင်ဖို့ တိုက်တွန်းထားပါတယ်။

စစ်ပွဲအတွင်းလိုက်နာကျင့်သုံးရမည့် စည်းကမ်းချက်တွေနဲ့ပတ်သက်တဲ့
ဂျီနီဗာသဘောတူစာချုပ်ရဲ့ နောက်ဆက်တွဲစာချုပ် (၂) မှာဆိုရင်လည်း လက်နက်
ကိုင်ပဋိပက္ခအတွင်းမှာ ပါဝင်နေတဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေဟာ ကလေးစစ်သား
များကို စစ်မှုမထမ်းခိုင်းရဘူးလို့ ဆိုထားပြန်ပါသေးတယ်။

နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာတရားရုံး လုပ်ထုံးလုပ်နည်းမှာလည်း
အသက် (၁၅) နှစ်အောက်ကလေးတွေကို စစ်မှုထမ်းခိုင်းတာ ဒါမှမဟုတ် စစ်မှု
မထမ်းမနေရဥပဒေတွေ ပြဋ္ဌာန်းပြီးစစ်မှုထမ်းခိုင်းတာဟာ စစ်ပွဲဆိုင်ရာ
ရာဇဝတ်မှုတရပ်မြောက်တယ်လို့ ဖော်ပြထားပါတယ်။

# စစ်မှုထမ်းနေတဲ့ ကလေးစစ်သားများကို
# စစ်တပ်နဲ့လက်နက်ကိုင်တပ်တွေကနေ ဘယ်လိုပြန်ဖယ်ရှားနိုင်မလဲ . . .




စစ်မှုထမ်းနေဆဲ ကလေးစစ်သားများကို စစ်တပ်မှပြန်လည်ဖယ်ရှားဖို့အတွက် သက်ဆိုင်ရာ လက်နက်ကိုင်အဖွဲ့များနဲ့ ဒေသအတွင်းရှိ ပြည်သူလူထုရဲ့ ပူးပေါင်းလက်တွဲဆောင်ရွက်မှုဟာ အထူးအရေးပါလှပါတယ်။ ကလေးစစ်သားတွေကို တာဝန်ထမ်းဆောင်နေတဲ့ စစ်တပ်ကနေ သူတို့ရဲ့မူလဘဝမှာ ပြန်လည်အသားကျစေဖို့အတွက် လုပ်ဆောင်မယ်ဆိုရင် လုပ်ဆောင်သင့်တယ်လို့ ယူဆထားတဲ့ အဆင့်သုံးဆင့်ရှိပါတယ်။

❖ ဒီအဆင့်တွေကို ...

D - Disarmament လက်နက်ဖျက်သိမ်းခြင်း

D - Demobilization စစ်မှုထမ်းအဖြစ်ကနေ နုတ်ထွက်ခွင့်ပြုခြင်း၊

R - Reintegration ပြန်လည်ပေါင်းစည်းအသားကျစေခြင်းလို့ခေါ်ပါတယ်။

အတိုကောက်ဆိုရင် DDR လုပ်ငန်းစဉ်ပေါ့။ လေ့လာကြည့်ကြရအောင်...

**လက်နက်ဖျက်သိမ်းခြင်း** ဆိုတာ စစ်တပ်နဲ့လက်နက်ကိုင်တပ်ဖွဲ့တွေမှာ စစ်မှုထမ်းနေသော ကလေးစစ်သားတွေဆီကနေ သူတို့ကိုင်ဆောင်ထားတဲ့ လက်နက်တွေကို စနစ်တကျပြန်လည်သိမ်းယူပြီး ဒီလက်နက်တွေကိုလုံခြုံတဲ့နေရာမှာ သိမ်းဆည်းလိုက်တာ ဒါမှမဟုတ် ဖျက်ဆီးစွန့်ပစ်လိုက်တာကိုခေါ်တာပါ။ ကလေးတွေကို စစ်သားအဖြစ်ကနေ ရပ်တန့်နိုင်ဖို့ ပထမဦးဆုံး လက်နက်တွေဖြုတ်သိမ်းလိုက်တာကို ပထမအဆင့်အနေနဲ့ လုပ်ဆောင်တာဖြစ်ပါတယ်။



**စစ်မှုထမ်းအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း** ဆိုတာ ပထမအဆင့်အနေနဲ့ လက်နက်တွေဖြုတ်သိမ်းလိုက်ပြီးတဲ့ ကလေးတွေကို တာဝန်ကနေ တရားဝင်နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း မှတ်ပုံတင်ပေးတဲ့ ဒုတိယအဆင့်ဖြစ်ပါတယ်။ မှတ်ပုံတင်ပြီး နှုတ်ထွက်ခွင့်ပြုတာသက်သက်မဟုတ်ဘဲ သူတို့စစ်မှုထမ်းခဲ့တဲ့နေရာကနေ တခြားလုံခြုံစိတ်ချရတဲ့နေရာကို ပို့ပေးတာ၊ သူတို့တတွေ ချက်ချင်းလိုအပ်တဲ့ အကူအညီတွေ ဥပမာ – အစားအစာ၊ လမ်းစရိတ်၊ အဝတ်အစားတွေကို ထောက်ပံ့ပေးတာတွေကလည်း ဒီဒုတိယအဆင့်မှာ အကြုံးဝင်ပါတယ်။



**ပြန်လည်ပေါင်းစည်းအသားကျစေခြင်း** ဆိုတာ စစ်မှုထမ်းအဖြစ်ကနေ နှုတ်ထွက်ခွင့်ပြုလိုက်တဲ့ကလေးတွေကို စိတ်ပိုင်းနဲ့ရုပ်ပိုင်း ပြန်လည်ပြုစုစောင့်ရှောက်ပေးတာတွေ၊ သူတို့ရဲ့မိဘအုပ်ထိမ်းသူ၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွေနဲ့ ပြန်လည်နေထိုင်တဲ့အခါမှာ အဆင်ပြေပြေနဲ့ ပြန်လည်နေထိုင်နိုင်အောင် ကုစားလေ့ကျင့်ပေးတာတွေ၊ ကိုယ်ခြေထောက်ပေါ်ကို ပြန်လည်ရပ်တည်နိုင်ဖို့အတွက် လိုအပ်တဲ့အသက်မွေးဝမ်းကြောင်းပညာရပ်တွေကို သင်ကြားပေးတာတွေကို လုပ်ဆောင်တဲ့အဆင့်ဖြစ်ပါတယ်။



ကလေးစစ်သားတွေဟာ စစ်မှုထမ်းစဉ်က စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေကို ရင်ဆိုင်ကြုံတွေ့လာခဲ့ရတဲ့သူတွေဖြစ်တဲ့အတွက် ဒီခံစားရတာတွေပပျောက်ပြီး မူလပတ်ဝန်းကျင်အသိုင်းအဝိုင်းကြားမှာ ပြန်လည်အသားကျ ရှင်သန်နိုင်ဖို့အတွက် ပြင်ဆင်ပေးဖို့ လိုအပ်ပါတယ်။ ကလေးတွေနဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းအကြားအပြန်အလှန်နားလည်မှုရှိရှိနဲ့ အသားကျကျ နေထိုင်နိုင်လာစေအောင် ညှိနိုင်းကူညီပေးတာတွေကလဲ ဒီအဆင့်မှာပါဝင်ပါတယ်။ တကယ်လို့ တချို့ကလေးတွေမှာ ပြန်စရာမိဘတွေမရှိတော့ရင် သက်ဆိုင်ရာနီးစပ်ရာ ဆွေမျိုးတွေကို ဆက်သွယ်ပေးတာ၊ မွေးစားမဲ့သူတွေရှိရင် စုံစမ်းပေးတာတွေလဲ ဖြစ်နိုင်ပါတယ်။

# DDR လုပ်ငန်းစဉ်တွေကို ဘယ်နိုင်ငံတွေမှာ လုပ်ဆောင်ခဲ့ဘူးပါသလဲ . . .

ကျွန်ုပ်တို့ပတ်ဝန်းကျင်မှာ ဒီလုပ်ငန်းစဉ်တွေအတိုင်း တိတိကျကျ လုပ်ဆောင်တာမရှိသေးပေမဲ့ တချို့ပတ်ဝန်းကျင်ဒေသတွေမှာ စစ်တပ်ကထွက်ပြေးတိမ်းရှောင်လာတဲ့ ကလေးစစ်သားတွေကို နေရာထိုင်ခင်းစီစဉ်ပေးတာ၊ ကျောင်းပြန်တက်ခိုင်းတာ၊ အလုပ်ရှာပေးတာတွေကိုတော့ လုပ်ဆောင်တတ်တာတွေ့ရပါတယ်။ ကလေးစစ်သားတွေ အသုံးပြုခဲ့တဲ့ တချို့နိုင်ငံတွေ အထူးသဖြင့် အာဖရိကနိုင်ငံတွေမှာ ယူနီဆက်အဖွဲ့နဲ့ သက်ဆိုင်ရာအစိုးရတွေ၊ လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ရပ်ရွာပြည်သူလူထုတွေလက်တွဲပြီး ဒီလုပ်ငန်းစဉ်တွေကို ကြိုးစားအကောင်အထည်ဖော်ခဲ့ကြပါတယ်။ တချို့အောင်မြင်မှုတွေရှိသလို တချို့အစီအစဉ်တွေကတော့ သိပ်အောင်မြင်မှုမရှိတာကိုလည်း တွေ့ရပါတယ်။

**ရဝမ်ဒါနိုင်ငံ** မှာဆိုရင် အစိုးရကဦးဆောင်ပြီး စစ်တပ်ထဲက ကလေးတွေကို စစ်မှုထမ်းအဖြစ်ကနေ နှုတ်ထွက်စေခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်မှာ ကလေးစစ်သားပေါင်း ၂၃၆၄ ဦးကို အစိုးရက စစ်မှုထမ်းကနေ နုတ်ထွက်စေခဲ့ပါတယ်။ ကလေးတွေရဲ့ လေးပုံသုံးပုံကို သူတို့ရဲ့ မိဘဆွေမျိုးတွေနဲ့ ပြန်လည်ပေါင်းစည်းပေးနိုင်ခဲ့ပါတယ်။

**ယူဂန်ဒါနိုင်ငံ** မှာဆိုရင် အစိုးရမဟုတ်တဲ့ အဖွဲ့တွေက ပထမဦးဆုံးဦးဆောင်ပြီး ကလေးစစ်သားပပျောက်အောင် လုပ်ဆောင်ခဲ့တာ တွေ့ရပါတယ်။ ယူဂန်ဒါနိုင်ငံမှာဖြစ်နေတဲ့ ပြည်တွင်းစစ် မပြီးသေးတဲ့အချိန်ကထဲက လက်နက်ကိုင်စစ်ပွဲတွေထဲမှာပါဝင်နေတဲ့ ကလေးတွေကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ဘာသာရေးခေါင်းဆောင်တွေနဲ့ လူမှုအဖွဲ့အစည်းခေါင်းဆောင်တွေက စတင်ပြီးလုပ်ဆောင်ခဲ့ပါတယ်။ ပြည်သူလူထုနဲ့ ကလေးမိဘများတွေကို စည်းရုံးပြီး နီးစပ်ရာပတ်ဝန်းကျင်မှာ ပျောက်ဆုံးသွားတဲ့ကလေးများကို ပြန်စုံစမ်းရှာဖွေကာ ကလေးတွေအတွက် ကြိုဆိုရေးစခန်းတွေကို ကိုယ်ထူကိုယ်ထ ဖွင့်လှစ်ခဲ့တာတွေ ရှိခဲ့ပါတယ်။ ကလေးစစ်သားဘဝကနေ ကြိုဆိုရေးစခန်းဆီကို ရောက်လာတဲ့ ကလေးစစ်သားတွေကိုလဲ ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာသန့်စင်ခြင်း အခမ်းအနားတွေ ကျင်းပပေးပြီးတော့ စိတ်ပိုင်းဆိုင်ရာ ပြန်မြင့်တက်လာအောင် လုပ်ဆောင်ပေးခဲ့ပါတယ်။ ဒီလိုလုပ်ဆောင်ပေးတာကြောင့် ကလေးတွေနဲ့ သူတို့ရဲ့မိဘတွေ၊ လူမှုအသိုင်းအဝိုင်းတွေကိုပါ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာအရ အားပေးမှုဖြစ်စေခဲ့ပြီး လူမှုဘဝ ပြန်လည်ပေါင်းစည်းစေမှုအပေါ် အများကြီး အထောက်အကူ ဖြစ်စေခဲ့ပါတယ်။

**ကွန်ဂိုနိုင်ငံ** မှာတော့ ကလေးစစ်သားတွေကိုအသုံးပြုခဲ့တဲ့ ဂိုမားသူ လက်နက်ကိုင်အဖွဲ့နဲ့ ကုလသမဂ္ဂအေဂျင်စီဖြစ်တဲ့ ယူနီဆက်တို့ ညှိနှိုင်းဆောင်ရွက်ပြီး ပူးပေါင်းလုပ်ဆောင်ခဲ့တဲ့အတွက် ဒီအဖွဲ့က ကလေးစစ်သားပေါင်း ၁၀၄ ဦးကို စစ်မှုထမ်းအဖြစ်ကနေ နှုတ်ထွက်စေနိုင်ခဲ့ပါတယ်။ စစ်မှုထမ်းက

နှုတ်ထွက်လာခဲ့တဲ့ ကလေးတွေရဲ့ မိသားစုနောက်ကြောင်း ရာဇဝင်တွေကို အပြည့်ပြည့်ဆိုင်ရာ ကြက်ခြေနီအဖွဲ့နဲ့အတူ ဒေသခံပြည်သူလူထုက ပူးပေါင်းစုံစမ်းခဲ့ပြီး ကလေးတွေကို သက်ဆိုင်ရာမိသားစုတွေစီ ပြန်ပို့နိုင်ခဲ့ပါတယ်။

အခုလို ကလေးတွေကို လက်နက်ဖျက်သိမ်းပေးတာ၊ စစ်မှုထမ်းကနေ နှုတ်ထွက်ခိုင်းတာ၊ လူမှုရေးအရ ပြန်လည်ပေါင်းစည်းစေတာတွေကို လုပ်ဆောင်ရာမှာ သေသေချာချာ ပြင်ဆင်မှုမရှိတဲ့အတွက် မအောင်မြင်တဲ့ အဖြစ်အပျက်တွေလည်းရှိပါတယ်။ တချို့တွေအောင်မြင်ခဲ့သလို ဆုံးရှုံးခဲ့တဲ့အဖြစ်အပျက်တွေလည်း ရှိခဲ့ဘူးပါတယ်။ ဖြစ်ရပ်တခုမှာဆိုရင် စစ်မှုထမ်းက နှုတ်ထွက်လာတဲ့ကလေးတွေကို သေသေချာချာပြင်ဆင်မှုမရှိဘဲ ထောက်ပံ့ကြေးထုတ်ပေးပြီး သွားလိုရာသွားခိုင်းလိုက်တဲ့အခါမှာ ကလေးတွေဟာ အိမ်လည်းပြန်မရောက်၊ ထောက်ပံ့ကြေးတွေကိုလဲ လိုရာသုံးပစ်လိုက်တဲ့အတွက် ကလေးတွေဟာ ဆေးသမား၊ အရက်သမားဘဝနဲ့ပဲ လမ်းတွေပေါ်မှာ အဆုံးသတ်သွားခဲ့တဲ့ဖြစ်ရပ်မျိုး ရှိခဲ့ဖူးပါတယ်။

နောက်ဖြစ်ရပ်တခုမှာဆိုရင် ပြုစုပျိုးထောင်ရေးစခန်းတွေကို ထူထောင်ထားပေမဲ့ ကလေးတွေရဲ့အနာဂတ်အတွက် ပြင်ဆင်ပေးတဲ့အစီအစဉ်တွေကို စနစ်တကျ မလုပ်ပေးခဲ့လို့ ကလေးစစ်သားအချို့ဟာ ပျိုးထောင်ရေးစခန်းကနေ ပြန်ထွက်ပြေးခဲ့ဖူးကြပါတယ်။ စခန်းမှာ စောင့်ရှောက်တဲ့သူတွေနဲ့ တာဝန်ယူတဲ့သူတွေဟာ ကလေးစစ်သားတွေလုပ်ခဲ့ဘူးတဲ့ ကလေးတွေရဲ့ စိတ်ပိုင်းအခြေအနေကို နားမလည်တဲ့အခါမှာလည်း ကလေးတွေစိတ်ပျက်ပြီး ထွက်ပြေးတာမျိုးလည်းရှိပါတယ်။

နောက်တခုဖြစ်ခဲ့တာဆိုရင် လူမှုဘဝပြန်လည်အသားကျ ပေါင်းစည်းရေးအတွက် ကြိုတင်စီစဉ်ထားတာတွေ မရှိလို့ ကလေးတွေဟာ ပျိုးထောင်ရေးစခန်းတွေမှာ ရက်အကန့်အသတ်မရှိ ကြာမြင့်သွားတာမျိုး ဖြစ်ခဲ့ပါတယ်။ မူလက ပျိုးထောင်ရေးစခန်းမှာ သုံးလဘဲကြာမယ် ခန့်မှန်းထားပေမဲ့ ဒီကလေးတွေရဲ့ ပြန်လည်အသားကျပေါင်းစည်းရေးကို ဘယ်လိုစီစဉ်ရမှန်းမသိတဲ့အတွက် ခြောက်လကနေကိုးလခန့်အထိ ကြာသွားတဲ့အခါမှာ ကလေးတချို့ဟာ ဆက်မနေနိုင်တော့ဘဲ ထွက်ပြေးပြီး လမ်းပေါ်မှာ လေလွင့်သွားကြသလို တချို့ကလည်း စစ်တပ်တွေထဲ ပြန်လည်ရောက်သွားခဲ့ဘူးတဲ့ အဖြစ်အပျက်တွေ ရှိခဲ့ဘူးပါတယ်။

ဒါကြောင့် ကလေးစစ်သားတွေကို စစ်မှုထမ်းကနေ နှုတ်ထွက်စေပြီး ကလေးဘဝပီပီသသနဲ့ ပြန်လည်အသားကျအောင် လုပ်ဆောင်တဲ့အခါမှာ ရေတို၊ ရေရှည်အစီအစဉ်တွေကို စနစ်တကျ ချမှတ်အကောင်အထည်ဖော်ဖို့ လိုအပ်လှပါတယ်။ သက်ဆိုင်ရာအစိုးရ၊ လက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ ပူးပေါင်းဆောင်ရွက်မှုသာမက ပြည်သူလူထုရဲ့ ပါဝင်ဆောင်ရွက်မှုလည်း လိုပါတယ်။ ဒီအစီအစဉ်တွေကို အကောင်အထည်ဖော်တဲ့နေရာမှာ ကလေးတွေကို စစ်တပ်ထဲက ထွက်စေရုံ သက်သက်ကိုသာ လုပ်ဆောင်လို့ မရနိုင်ပါဘူး။ ထွက်လာတဲ့ ကလေးတွေကို ပြန်လည်ပျိုးထောင်ဖို့ ဘယ်နေရာမှာ ဘာအစီအစဉ်တွေ လုပ်ပေးမလဲ၊ သူတို့တွေကို ဖွေးနွေးထွေး

ထွေးဘယ်လိုဆက်ဆံမလဲ၊ ပြန်လည်ပျိုးထောင်မှု အစီအစဉ်တွေအပြီးမှာ သူတို့ရဲ့ မိဘရပ်ရွာ အသိုင်းအဝိုင်းထဲမှာ ပြန်လည်ပေါင်းစည်း အသားကျစေဖို့အတွက် ဘယ်လိုပြင်ဆင်ပေးမလဲဆိုတာတွေကို သေသေချာချာပြင်ဆင်ပြီး အကောင်အထည်ဖော်ဖို့ လိုပါတယ်။

## ကလေးစစ်သားအသုံးပြုမှု ရပ်တန့်အောင် ဘာတွေလုပ်နိုင်မလဲ . . .

လုပ်နိုင်တာတွေအများကြီးရှိပါတယ်၊ ကလေးစစ်သားတွေဟာလဲ ကလေးတွေဘဲဖြစ်ပြီး သူတို့လေးတွေရဲ့ ဘဝကောင်းမှသာ နောင်အနာဂတ်ဘဝ သာယာလှပမှာဖြစ်တဲ့အတွက် လုပ်နိုင်တာတွေကို လုပ်ကြည့်ကြရအောင်...

- အလွယ်ကူဆုံးလုပ်နိုင်တာကတော့ ကလေးတွေကို စစ်သားအဖြစ်မစေခိုင်းသင့်ဘူးဆိုတာ လူအများနားလည်သဘောပေါက်ပြီး လက်ခံကျင့်သုံးလာအောင် ပြောပြပေးပါ။
- မိမိပတ်ဝန်းကျင်မှာ ကလေးစစ်သားအဖြစ် ခေါ်ဆောင်စေခိုင်းခံရတာ၊ အသက်မပြည့်ဘဲ စစ်တပ်ထဲဝင်သွားတာရှိရင် စုံစမ်းပြီး သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ လူ့အခွင့်အရေးလှုံ့ဆော်သူတွေကို အသိပေးအကြောင်းကြားပါ။ ဖြစ်နိုင်ရင် ပြန်ခေါ်နိုင်အောင်ကြိုးစားပါ။
- ကလေးစစ်သားတွေ တပ်ကထွက်လာရင် သူတို့တွေအပေါ် စာနာနားလည်ပြီး နွေးနွေးထွေးထွေး ယုယုယယဆက်ဆံပါ။ ကလေးတွေရဲ့ လုံခြုံရေးအတွက် စောင့်ရှောက်ပေးပါ။
- ကလေးစစ်သားတွေအတွက် စီစဉ်လုပ်ဆောင်တဲ့ ပညာရေးအစီအစဉ်အပါအဝင် ပြုစုပျိုးထောင်ရေးလုပ်ငန်းတွေ၊ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အကူအညီပေးတဲ့အစီအစဉ်တွေ၊ လူမှုဘဝအတွင်း ပြန်လည်အသားကျ ပေါင်းစည်းအောင်လုပ်တဲ့ လုပ်ငန်းတွေမှာ မိမိတတ်နိုင်သလောက် ပူးပေါင်းပါဝင်ပါ။
- ကလေးစစ်သားများအသုံးပြုရခြင်းရဲ့ အကြောင်းရင်းဖြစ်တဲ့ ပြည်တွင်းစစ်ရပ်စဲရေးအတွက် ဝိုင်းဝန်းလုပ်ဆောင်ပါ။ မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများ တိုးတက်အောင်လုပ်ဆောင်ပါ။

အခုဆိုရင် ကလေးစစ်သားအသုံးပြုမှု ရပ်တန့်အောင် ဘာလုပ်နိုင်မလဲ သိသွားပြီပေါ့၊
ကဲဒါဆိုရင်... ကိုယ်ဘာလုပ်မလဲစဉ်းစားရင်း ကလေးတွေနဲ့ပျော်ရွှင်နေတဲ့ မိသားစုပုံလေးကို
ဆေးရောင်စုံချယ်ကြည့်ပါလား ...။

